
BURMESE CLASSIC .com

မြန်မာ့

# ရိုးရာလက်ဝှေ့

မြဝင်း





## ဦးကျားဘညိမ်း (၁၉၂၃-၁၉၇၉)

ဗမာ့လက်ဝှေ့ ထိုးသတ်ခြင်းသည် ယနေ့မြန်မာနိုင်ငံတွင် တနိုင်ငံလုံးအထိ ကျယ်ကျယ်ပြန့်ပြန့် မထွန်းကား လာသေးဟု ပြော၍ကား ရနိုင်ပေသည်။ သို့သော် မြန်မာ့လက်ဝှေ့သည် တိမ်ကောပပျောက်သွားပြီဟု ပြောဆိုရန်ကား ခက်လှပါသည်။ ဗမာစိတ် ဗမာမာန်ရှိသော ဗမာများ ကမ္ဘာတွင် ရှိနေသမျှ ဗမာ့လက်ဝှေ့သည် မည်သည့်အခါမျှ ကိုလိုနီခေတ်ကလို အနှိပ်ခံရတော့မည်မဟုတ်။ ဘယ်သောကာလမှလည်း တိမ်ကောကွယ်ပျောက်မည်လည်း မဟုတ်ပေ။ ။

**ကျားဘညိမ်း၏ ကော်သူးလေပြည်နယ်မှ လက်ခမောင်သံများ**

**အားကာ စာစောင် အတွဲ ၃၊ အမှတ် ၁၁ (၁၉၇၁၊ ဒီဇင်ဘာ)မှ**

BURMESE CLASSIC .com



# မြန်မာ့ရိုးရာ လက်ဝှေ့နှင့် ကျားဘညိမ်း

နှစ်ပေါင်းများစွာ မှေးမှိန်ငုတ်လျှိုးကာ တိမ်ကောပပျောက်လု မတတ် ရှိခဲ့သော မြန်မာ့ရိုးရာ လက်ဝှေ့ပညာသည် ယနေ့အခါတွင် လုပ်သားပြည်သူများ၏ အားပေး ချီးမြှောက်မှုကို လှလှပပခံစားနေရ လေပြီ။ မြန်မာ့လက်ဝှေ့ကို မြန်မာတို့အထင်ကြီး လေးစားလာသည်နှင့် အမျှ လက်ဝှေ့ပညာရှင်များကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြ လေပြီ။

ဤသို့ဖန်တီး ဖြစ်ပေါ်လာရန်နှစ်ပေါင်းကြာရှည်၊ အားသွန်ခွန်စိုက် အကျိုးဆောင်လာခဲ့သော ပုဂ္ဂိုလ်ကြီး တစ်ဦးကား ဆရာကျားဘညိမ်း ဖြစ်ကြောင်း အားကစား ဝါသနာပါသူတိုင်း သိကြလေသည်။

တောချုံအုံကြား၊ အစွန်အဖျား မြို့ငယ်၊ ရွာငယ်များတွင်သာ ရိုးရာကိုမဖျက်၊ ခေတ်အဆက်ဆက် ကြိုးကြားကြိုးကြား ကစားနေခဲ့ သော လက်ဝှေ့ပညာကို မြို့ကြီးပြကြီးများသာမက တိုင်းကျော် ပြည် ကျော် မြန်မာ့နယ်နိမိတ်ကျော်အောင်အထိ အကျိုးတော်ဆောင်ခဲ့သူ များတွင် ဆရာကျားဘညိမ်းသည် ရွတ်ရွတ်ချွန်ချွန် ဦးဆောင်လှုပ်ရှား အားထုတ်ခဲ့သူတစ်ဦးဖြစ်ကြောင်း ငြင်းဆိုနိုင်ဖွယ် မရှိချေ။

BURMESE CLASSIC .com



မြန်မာ့ရိုးရာ လက်ဖွဲ့ပညာကို ကျွမ်းကျင်နားလည်စွာ မြတ်နိုးလေးစား ကစားထိုးသတ်သူအများစုသည် ကျေးတောနေ တောင်သူမိလက္ခာတို့သာ ဖြစ်ကြောင်း နားလည်သည့် ဆရာကျားဘညိမ်းသည် လွန်ခဲ့သော နှစ်- ၃၀ ခန့်ကစ၍ တောချုံအုံကြားထိ ကိုယ်တိုင်အရောက်သွားကာ မြန်မာ့ရိုးရာပညာကို လေ့လာယင်း၊ ပညာရှင်များကို တွေ့ဆုံယင်း ပြည်သူအများစု တန်ဖိုးထားလာအောင်ထိ ဆောင်ကျဉ်းလာခဲ့သူဖြစ်သည်။

မြန်မာ့ အားကစား ဝါသနာအိုးများ ယခုထိတိုင် မမေ့နိုင်ကြသေးသည့် တိုးလုံ၊ ဝမ်းဒေါ်လာ၊ ဗျောက်၊ ဖြူကြီး၊ မောင်လုံး၊ ဂျပန်စိန်(ယနေ့ ကြိုးဝိုင်းဒိုင်)၊ ဗိုလ်စိန် (ယနေ့ ကြိုးဝိုင်းဒိုင်) ၊ လှိုင်းဘွဲ့မဲကြီးတို့ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများမှစ၍ ဒေါန၊ ချစ်စပယ်၊ အောင်မြင့်စိန်၊ ညောင်ခါးရှည်၊ မြဝတီသန်းရွှေ၊ ပန်းသီး၊ မဲလေး၊ မိုးကြိုးစသည့် ပုဂ္ဂိုလ်များနှင့်တကွ ယနေ့ခေတ် ထင်ရှားသော သမန်းကျား၊ သမိန်ဗရမ်း၊ ဝင်းနိုင်၊ စောရူဘီ၊ ဘနှစ်၊ ကျားကြီးတို့နှင့်အတူ မြန်မာပရိသတ်တသသ, ဖြစ်ခဲ့ရသည့် ပသျှူးလက်ဝှေ့ကျော် မောင်ရုံးတို့ထိ. . .

၎င်းတို့ကို ကြိုးဝိုင်းအတွင်း အမြင့်စင်ပေါ်သို့တိုင် ကိုယ်တိုင်တင်ပို့မြှောက်စားခဲ့သူဖြစ်သည်။

ဆရာကျားဘညိမ်း ကြိုးစားအားပေး မြှောက်စားခဲ့သူတိုင်း လိုလိုသည်လည်း နောင်အခါတွင် ပြည်သူတို့ ချစ်မြတ်နိုးသော လက်ဝှေ့ကျော်များ ဖြစ်ခဲ့ရသည်သာ။

စစ်စစ် လက်ဝှေ့ ဝါသနာရှင်များ ရန်ကုန်အပါအဝင် မြို့ကြီးများတွင် မြင်တွေ့နေရသော အထက်ပါ လက်ဝှေ့ပညာရှင်ကို သွားရောက်တွေ့ဆုံ ဆွေးနွေးခေါ်ရာတွင် လွယ်လင့်တကူ အောင်မြင်သည်တော့ မဟုတ်ပေ။ အခက်အခဲများစွာကို ကျော်လွှား လွန်မြောက်အောင် ဒုက္ခပေါင်းစုံ ရင်းနှီးရလေသည်။ ငွေကြေး မြောက်မြားစွာကုန်ကျလေသည်။

BURMESE CLASSIC .com





ပဲခူး–သထုံမှာ မိုးတုန် အောင်ထိုးခဲ့တဲ့ကိုးလုံး

ဆရာကျားဘညိမ်းသည် ထိုသို့သော အခက်အခဲများကို ဝါသနာကြီးစွာ အပြုံးမပျက် လုပ်ဆောင်ခဲ့သူဖြစ်သည်။ အချို့တို့ကို မူရင်းနာမည်ဖျောက်ကာ လက်ဝှေ့အမည်များ ကိုယ်တိုင်ပေးခဲ့ပြီးအောင်မြင်နေကြသည်မှာလည်း သမန်းကျား၊ သမိန်ဗရမ်းတို့ထိပင် ဖြစ်၏။

ဆရာကျားဘညိမ်းသည် ၁၉၅၃- ခုနှစ်မှစ၍ မြန်မာ့လက်ဝှေ့ကို သာမန်ထက်ပိုသော စိတ်ဝင်စားမှု၊ လေးစားမှုဖြစ်ကာ ပိုက်စိပ်တိုက်လေ့လာပြီးမှ မြန်မာ့လက်ဝှေ့ ပညာရှင်ကြီးများနှင့် ညှိနှိုင်းတွေ့ဆုံပြီး မြေဝိုင်းလက်ဝှေ့ကိုပင် အမြင့်စင်ဖြစ်အောင်ထိ အားထုတ်ခဲ့သူ တစ်ဦးလည်းဖြစ်၏။

BURMESE CLASSIC .com



နောက်ပိုင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ ညွှန်ကြားရေးမှူး ဦးဇော်ဝိတ်နှင့်တကွ တာဝန်ရှိ ပုဂ္ဂိုလ်များက အထူးတာဝန်အဖြစ် ပေးအပ်ခံရပြန်သောအခါ ပိုမိုအားတက်ပြီး၊ မြန်မာ့လက်ဝှေ့ကို အား သွန်ခွန်စိုက် ဖော်ထုတ်လာခဲ့တော့၏။

ဤသို့ဖြင့် ၁၉၆၀- ခု အောက်တိုဘာလတွင် တရုတ်- မြန်မာ နယ်နိမိတ် စာချုပ် ချုပ်ဆိုပွဲ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပီကင်း ရှန်ဟဲ့ မြို့များသို့ ဦးတိုးလုံ၊ ဦးဗိုလ်စိန်၊ ဖြူကြီး စသည့် ပညာသည် ၁၀- ဦးကို ဆရာကျားဘညိမ်း ဦးဆောင်ကာ သွားရောက် ထိုးသတ်ပြနိုင်ခဲ့သည်။


ထိုမှ နောက်တွင်ကား ဆရာကြီး ဦးဇော်ဝိတ်နှင့်တကွ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများ၏ လမ်းညွှန်မှုဖြင့် ဆရာကျားဘညိမ်း ဦးဆောင်ကာ အခါကြီးရက်ကြီးများနှင့် လွတ်လပ်ရေး အောင်ပွဲရက်များတွင် ရန်ကုန်



၁၉၇၉-ခု ပြည်ထောင်စုနေ့ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် ဒိုင်ချုပ် အဖြစ် ဆောင်ရွက်နေသော ဆရာကျားဘညိမ်း

BURMESE CLASSIC .com





၁၉၆၀- ခုနှစ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ပထမတန်း မြန်မာ့လက်ဝှေ့ကျော်များ။

နှင့်တကွ မြို့ကြီးများ၌ မြန်မာ့လက်ဝှေ့ စွမ်းရည်ပြိုင်ပွဲကြီးများ အဆက်မပြတ် ပြုလုပ်ကျင်းပနိုင်ခဲ့သည်။

လက်ဝှေ့ပညာရှင်များအား အလံပွဲများပြုလုပ်၍ ထိုးသတ်စေရာတွင် အလံကြေးများကို ထိုက်ထိုက်တန်တန် ဖြစ်အောင်လည်း ဆရာကျားဘညိမ်းပင် စွမ်းဆောင်ခဲ့လေသည်။


သို့ဖြင့် ၁၉၆၆- ခုနှစ်အထိ ပဲရော့ဦးဆံနီ၏ မြဘယက်ဆု (စစ်ကြိုခေတ်) ရုပ်ရှင်မင်းသား ဦးထွန်းဝေ၏- ၁၀၀၀ ကျော်တန် အလံဆုတို့သည် အများဆုံး ဖြစ်ခဲ့ရာ ၅၀၀၀- ကျပ်တန် အလံဆုချီးမြှင့်နိုင်သည်ထိလည်း ဆရာကျားဘညိမ်းပင် စီစဉ်ဆောင်ရွက်ခဲ့လေသည်။

BURMESE CLASSIC .com



'လက်သီးဖြင့် အက်ဖ်အီးရှာ' ရန်ထိ ကြိုးပမ်းခဲ့သော ဆရာကျားဘညိမ်းကား သူမြတ်နိုးသော လက်ဝှေ့လောက၊ အားကစားလောကကို အပြီးတိုင် စွန့်ခွာသွားခဲ့လေပြီ။

အလွန်ရည်ရွယ်ချက် ကြီးလွန်းစွာသော ဆရာကျားဘညိမ်း၏လုပ်ရပ်များကို ယခုအခါတွင် ဆရာ၏ သားများက ဆက်လက်ထိန်းသိမ်းယင်း ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နေကြလေပြီ။ ဖခင်လက်ထက်ကတည်းက ဖခင်နှင့်လက်တွဲ၍ အတွေ့အကြုံများခဲ့ပြီးဖြစ်သော သားများ ဦးစီးသည့် မြန်မာ့လက်ဝှေ့ပွဲများကို ၁၉၇၉- ဒီဇင်ဘာလ၊ မန္တလေးမြို့ ရဟန်းပျို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇောတိက၏ ဘုန်းကြီးပျံပွဲမှစ၍ ဆရာကျားဘညိမ်း၏ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်နေကြပြီ ဖြစ်ပါ၏။



၁၉၆၇ ခုနှစ်၊ လွတ်လပ်ရေး အောင်ပွဲတွင် အလံရရှိခဲ့ကြသော မြန်မာ့ လက်ဝှေ့ကျော်များ (ယာမှဝဲ) ဒေါန၊ ဗိုလ်စိန်၊ ချစ်စရာ၊ ဖြူလေး

BURMESE CLASSIC .com



(၁၀)

“ငါဟဲ့သာဟန်၊ တာထက်မလော့
ဘက်မတွေ့တဲ့၊ လက်ဝှေ့ပျံ
မန္တလာချက်၊ စံရာနက်တွင်
လက်ဝှေ့ လက်ဝှေ့၊ နှစ်မျိုးနှစ်ဖြာ
တန်ခိုးဖြာ၊ ဝိုးပမာဝှေ့နိုင်ရှိ
တွေ့တွေ့သမျှ အဆိုင်ဆိုင်
ယနေ့ပတိုင်၊ ပြိုင်လာသမျှ
နိုင်ခနကျ၊ နိုင်ဝဝလှဲ့ရွှမ်း
အရှည်မဆဲ့၊ သည်ပွဲမှာလည်း လှမ်းတော့မယ်….
နန်းသိုးတဲ့ ဆိုင်းမဟာနှင့်
ဝိုင်းဆရာ ဆရာကွမ်းအား၊ အကြမ်းအရိုင်
ဆန်းမြိုင်မြိုင်၊ လမ်းပိုင်ပိုင်ထွက်ခါမြန်းရအောင်
လက်ပန်းပေါင်း ဆက်တော်မူလိုက်စမ်း။ ။
(ကဗျာ့ဗန္ဓသာရကျမ်းတွင် တွေ့ရှိရသော မန္တလေးမြို့
နန်းတည်ဘုရင် မင်းတုန်းမင်း လက်ထက်မှ ‘လက်ဝှေ့
ကျော်သာဟန်’၏ ဆိုင်းဆင့် ကိုယ်ရည်သွေးလင်္ကာ)



BURMESE CLASSIC .com



"သက်စွန့်ကြိုးပမ်းနှင့် မြန်မာ့ရိုးရာ ကိုယ်ခံပညာကို ထိန်းသိမ်းနေကြသည့် ကိုယ်ခံပညာရှင်များအား၊ လူကိုလူ ချင်းတိုက်ကာစီးပွားရှာနေကြခြင်းများကို ပပျောက်စေရန် မြန်မာ့ရိုးရာ အစီအလာများကို စနစ်တကျ စုစည်း၍ ဆက် လက်ထိန်းသိမ်း ထားနိုင်ရေးအတွက်၊ ဗဟို အားး ကစားနှင့် ကာယပညာ ကော်မတီမှဦးဆောင်ကာ "မြန်မာ့လက်ဝှေ့" အား အမျိုးသားတံခွန်စိုက် လက်ဝှေ့ကြီးများအဖြစ် တနှစ် လျှင် လေးကြိမ်မျှ (လွတ်လပ်ရေးပွဲ၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့) ကျင်းပပေး ရန် အစီအစဉ်များ ရေးဆွဲလျက် ရှိရာတွင် ၁၉၆၆- ခုနှစ်၊ အလုပ်သမားနေ့သည် ပွဲဦးထွက် ကျင်းပပေးခြင်း ဖြစ်သည်။ **(ဗဟိုအားးကစားနှင့် ကာယပညာကော်မတီမှ ထုတ်ဝေသော "မြန်မာ့လက်ဝှေ့" မှ)**

BURMESE CLASSIC .com



# မြန်မာ့ရိုးရာ လက်ဖွဲ့နှင့် ကျားဘညိမ်း

မြန်မာ့လက်ဝှေ့သည် အနောက်တိုင်းစနစ်နှင့်ထိုးသော လက်ဝှေ့နှင့် ထိုးနည်းထိုးဟန် မတူချေ။ မြန်မာ့လက်ဝှေ့တွင် လက်သီး နှစ်လုံးသာ မဟုတ်ပဲခြေဖျား၊ ဒူး၊ တတောင်နှင့်ခေါင်းကိုပါ ရိုက်နိုင်၊ တိုက်နိုင်၊ ခတ်နိုင်၊ တွက်နိုင်သည်။ ဂျူဒိုကဲ့သို့ ဖမ်း၊ ချုပ်၊ ရုန်း၊ ကန်၊ ကိုင်ပေါက် နည်းများ၊ ဂွမ်းဘားကဲ့သို့ အခုန်အပျံအလွှားများနှင့်သိုင်း၊ ဗန်ဒို စသည်တို့ပါ ရောပေါင်း ပါဝင်နေရာ ကျယ်ပြန့်သော သတ်နည်းတရပ် ဖြစ်သည်။

မြန်မာအမျိုးသားတို့၏လက်ဝှေ့ပညာသည် ကိုယ့်ထီးကိုယ့်နန်းနှင့် နေစဉ်ကပင် အမျိုးသား ကိုယ်ခံပညာရပ်အဖြစ်လည်းကောင်း၊ အမျိုးသား စွမ်းရည်အဖြစ် လည်းကောင်း၊ ရပ်တည် ခဲ့ကြောင်း သမိုင်းအဆောက်အထားများ ရှိသည်။

ရှေးမြန်မာ စစ်သည်တော်ကြီးများသည် စစ်အားချိန်၊ စစ်နားချိန်များတွင် အုပ်စုဖွဲ့၍နပမ်းသတ်ခြင်း၊ သိုင်းကစားခြင်း၊ လက်ဝှေ့သတ်ခြင်းများဖြင့် မိမိတို့ ကိုယ်ခံပညာများကို ဆွေနွေးခဲ့ကြောင်း သိရပေသည်။

BURMESE CLASSIC .com



မြန်မာမင်းများကိုယ်တိုင် ချီးမြှောက်အားပေးသော အတတ်ပညာ ဖြစ်ရာ၊ လက်ဝှေ့သတ်ကျွမ်းကျင် ကျော်ဇောသူများကို ရွှေတိုက်စာရင်း ဝင်အဖြစ် သတ်မှတ်လျက် "လက်ဝှေ့တော်သတ်" ဘွဲ့ထူးအပ်၍ မြှောက် စားခဲ့ဘူးလေသည်။

သက္ကရာဇ် ၆၈၄ ခုနှစ်တွင်နန်းစံသော ပင်းယဥဇနာ လက်ထက်တွင် ပုဂံ အရည်းကြီးဂိုဏ်း အဆက်ဖြစ်သည့် ပွဲကျောင်း ဘုန်းကြီးများက- "ကစား(၇) ကျောင်း" အမည်ဖြင့် ကျောင်းဖွင့်လှစ်ကာ ကိုယ်ခံပညာ ရပ်များဖြစ်သည့် မြင်းစီး၊ လှံထိုး၊ ဓားသိုင်း၊ တုတ်သိုင်း၊ နပမ်းအတတ် များနှင့်အတူ မင်းညီမင်းသားများနှင့်တကွ လူအများကို သင်ကြား ပို့ချခဲ့ကြောင်း ရာဇဝင် အထောက်အထားများလည်း ရှိပေသည်။

သို့သော် ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ် မြန်မာဘုရင် ပါတော်မူပြီး ချိန်မှစ၍ နယ်ချဲ့ကိုလိုနီခေတ်တလျှောက် မြန်မာ့လက်ဝှေ့ ပညာသည် တစတစ မှေးမှိန်လာခဲ့ရတော့သည်။

ခေတ်အခြေအနေ မကောင်းတော့သည်နှင့်အမျှ အမျိုးသား စွမ်း ရည်အဖြစ် ဖော်ထုတ်ခြင်းမခံရတော့ဘဲ ဘုန်းကြီးပျံပွဲ၊ ဘုရားပွဲတို့တွင် လူခေါ်ပွဲအဖြစ်လည်းကောင်း၊ လူလူချင်းခေါင်းပုံဖြတ်သည့် ကန်ထရိုက် စနစ်ဖြင့် ပွဲသွင်းခြင်းမျိုးဖြင့် လည်းကောင်း၊ ကြက်တိုက်ပွဲ၊ နွားတိုက်ပွဲ များကဲ့သို့ လောင်းကစားပွဲများ အဖြစ် လည်းကောင်း၊ မျက်နှာဖြူ အရာရှိကြီးများအတွက် ဖြေဖျော်ရာ ကစားနည်းအဖြစ်လည်းကောင်း၊ ရင်နာဖွယ် ကောင်းလောက်အောင် မြန်မာ့ရိုးရာ ကိုယ်ခံ ပညာသည် တစတစသေးသိမ်ကာ မှေးမှိန်လာခဲ့ရပါတော့သည်။

စစ်ကြိုခေတ်ကမူ အထက်မြန်မာနိုင်ငံတွင် မြန်မာ့လက်ဝှေ့ပညာ သည်များ မထင်မရှားဘဝနှင့် ရှိနေခဲ့သော်လည်း စစပြီးခေတ်တွင် လုံးဝကွယ်ပျောက်နေပြီဟု ဆိုရမလောက် မှေးမှိန်သွားခဲ့သည်။ အောက် မြန်မာနိုင်ငံတွင်ကား မြန်မာ့လက်ဝှေ့ပညာအမြစ်မပြတ်သေးဘဲ ကျန် နေခဲ့သေးသည်။

BURMESE CLASSIC .com



ထိုသို့ကျန်ရှိနေသော်ငြားလည်း အကွပ် မရှိသောကြမ်းပ မာ စည်းလုံးကျစ်လစ်မှုမရှိတော့ချေ။ တတောတဖတွန်လျက်၊ တနယ်တွင် တမျိုး ထိုးချင်သလို ထိုးနေကြသည်။ သို့ဖြင့် ရိုးရာဓလေ့ ထုံးတမ်း များပင် ရော့ရဲကာ အတိမ်းအစောင်းများဖြစ်လာခဲ့ရပေသည်။

မြန်မာ့လွတ်လပ်ရေးရချိန်မှစ၍ မြန်မာ့လက်ဝှေ့ပညာ ပြန်လည် ခေါင်းဆောင်ထလာသည်။ တနင်္ဂနွေ ဘုရားပွဲတော်ကြီးများတွင် သာမက ရန်ကုန်မြို့တော်လွတ်လပ်ရေး ပျော်ပွဲရွှင်ပွဲကြီးများ တွင်လည်းကောင်း၊ ပြည်ပ တိုင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့လည်းကောင်း စေလွှတ်ပွဲထုတ်၍ ဂုဏ်ထင်စေသည် အထိ အမျိုးသားစွမ်းရည် မြင့်လာခဲ့စေသည်။

မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီသည် မြန်မာ့လက်ဝှေ့ပညာအား အမျိုးသား အမွေအနှစ်စာရင်းဝင် "အမျိုးသား စွမ်းရည်" အဖြစ် ယုံကြည် တန်ဖိုးထားယင်း ရှိသည့်အတိုင်း ယင်းပညာကို ထိန်းသိမ်း မြှောက်စားခဲ့လေရာ တစတစ အခြေမြင့်ခဲ့ရခြင်းလည်းဖြစ်သည်။


သို့ဖြင့်နယ်ချဲ့တို့ လက်အောက်တွင် အနှိမ်ခံဘဝနှင့် နေခဲ့ရသော မြန်မာ့ရိုးရာ လက်ဝှေ့ပညာသည် အချိန်ရလာသည်နှင့်အမျှ တစတစ ကျယ်ပြန့်လာယင်း ယနေ့အခါတွင် လုပ်သားပြည်သူတရပ်လုံး အားပေးချီးမြှင့်သော အမျိုးသား စွမ်းရည်ကို ပြက်ပြက်ထင်ထင် ပေါ်လွင်စေသည့်ပညာရပ်အဖြစ် ရပ်တည်လာနိုင်ခဲ့ပေသည်။

## လက်ဝှေ့ဆိုင်း

မြန်မာ့ လက်ဝှေ့ ထိုးသတ်ချိန်တွင် မြန်မာ ဆိုင်း ဝိုင်းကြီးဖြင့် "ဗိန်းမောင်း" တီးပေးရသည်။ ဗိန်းမောင်းသံသည် လက်ဝှေ့သမားတို့ သတ်လုံးကြမ်းလေ ဆိုင်းသံမာလေပင်။

လက်ဝှေ့ပွဲမစမီ "တွဲဆိုင်း" ရှာသောအခါတွင် ဖြစ်စေ၊ အရှုံးအနိုင် ပြီးသော အခါတွင် ဖြစ်စေ လက်ဝှေ့သမားတို့ လက်ဝှေ့ရေး ပြရသည်။ ထိုအချိန်မျိုးတွင် "လေးကင်းသံ" တီးပေးရသည်။

လက်ဝှေ့ရေးပြရာတွင် ဆိုင်းစည်းချက်နှင့် ညီရသောကြောင့် မြန်မာ့လက်ဝှေ့သည် အနုပညာ အခြေခံထားသည် ဟူ၍လည်း ယူဆနိုင်သည်။



ကိုယ့် ဆရာသမားများကို ဂါရဝတရားအပြည့်ဖြင့် ကန်တော့ရှိခိုးရိုကျိုးလှသော မြန်မာ့လက်ဝှေ့သမား၏ စိတ်နေစိတ်ထား

BURMESE CLASSIC .com



# လက်ဝှေ့ရေး

**ပထမအမျိုးအစား**

လက်ဝှေ့ဝိုင်းအတွင်း ဝင်လာပြီး မိမိနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ပြိုင်ဘက်ကို စိန်ခေါ်လိုသော လက်ဝှေ့သမားက လက်ဝှေ့ရေး ပြသည်။

လက်ဝှေ့ရေးပြနေသော လက်ဝှေ့သမား၏ ဟန်ရေးကို ကြည့်ပြီး လက်ဝှေ့အဆင့်ကို အကဲခတ်ကာ ယှဉ်ပြိုင် ထိုးသတ်လိုသော လက်ဝှေ့သမားက ဝင်ရောက်တွဲဘက်ပြီး ထိုးသတ်လေ့ ရှိကြသည်။

**ဒုတိယအမျိုးအစား**

ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့သမား နှစ်ဦးက မိမိတို့ စွမ်းရည်ကို မြင်သာရန်၊ ပွဲကြည့်သူပရိသတ် အကဲခတ်နိုင်ရန် နှစ်ဦးတွဲဘက်၍ လက်ဝှေ့ရေးပြခြင်း ဖြစ်သည်။

**တတိယအမျိုးအစား**

အရှုံးအနိုင် ပေါ်ပြီးချိန်တွင် အနိုင်ရသူက အောင်နိုင်သူ အဖြစ်ပြသော လက်ဝှေ့ရေး ဖြစ်သည်။

မှတ်ချက်။ ။ရှုံးသူ သည် အခဲမကြေ၍ နောက်တပွဲ နွဲလိုသော အားဖြင့် ထပ်ဆင့်လက်ဝှေ့ရေးပြသည်။

## ရှေးခေတ်အစဉ်အလာ မြန်မာ့လက်ဝှေ့ ဝိုင်း

ရှေးခေတ်အစဉ်အလာအရ မြန်မာ့လက်ဝှေ့ကို မြေဝိုင်းဇာတ်များကသကဲ့သို့ပင် မြေစိုက်ဝိုင်းဖြင့် ထိုးသတ်သည်။ ၂၄ ပေ ပတ်လည်ခန့်ရှိသည့် လေးထောင့် မြေစိုက်ဝိုင်းများဖြင့် ထိုးသတ်လေသည်။ (မြေဝိုင်းတွင်သဲ သို့မဟုတ် ဖွဲ့ခင်း၍ ပြင်ဆင်ကြသည်။) အများအားဖြင့် နံနက်၊ နေ့ခင်းမွန်းတည့်ပိုင်းများတွင် ထိုးသတ်ကြလေရာ မီးမလိုချေ။

BURMESE CLASSIC .com



(ယနေ့ မြို့ကြီးပြကြီးများတွင် ထိုးသတ်သော ပွဲများ၌ အနောက်တိုင်း လက်ဝှေ့စင်မျိုး၊ စင်မြင့်ကို သုံးသည်။ ညဘက်များတွင် ထိုးသတ်ကြ၍ မီးမောင်းကို အသုံးချလေသည်။)

## မြန်မာ့လက်ဝှေ့သမားတို့၏ ပုံသဏ္ဍာန်

မြန်မာ လက်ဝှေ့သမားများသည် အပေါ်ပိုင်းတွင် အင်္ကျီ မပါ၊ အောက်ပိုင်းတွင်မူ ဘောင်းဘီ အတိုပေါ်တွင် လုံချည်ကို သုံးမြှောင့်ချိုးကာခါးပုံအဖြစ် စည်းနှောင်ထားလေ့ ရှိသည်။ (ဤကား အစဉ်အလာကို ထိန်းသိမ်းသော မြန်မာ့လက်ဝှေ့သမားတို့၏ သဏ္ဍာန်သာတည်း။) အချို့တို့သည် မိမိတို့ယုံကြည်ရာ လက်ဖွဲ့များ စည်းနှောင်တတ်၏။ အချို့တို့က အဆောင်အယောင် လက်ဖွဲ့ မန္တရာများ ထည့်သွင်းချည်နှောင်ကြ၏။

(ဝမ်းနည်းဖွယ် ကောင်းလှသည်မှာ ယနေ့ခေတ်တွင် အချို့သော လက်ဝှေ့သမားတို့သည် ရိုးရာပုံသဏ္ဍာန်ကိုပင် ခေတ်မဆန်လေခြင်းဟု ယူမှတ်ကာ သုံးမြှောင့်ချိုးခါးပုံကို ပယ်ကြလေပြီ။ မြန်မာမှုများစွာကို ပယ်ကြလေပြီ။ အစဉ်အလာကို မလေးစားကြတော့ပြီ။

### အတန်းအစား

မြန်မာ့လက်ဝှေ့သမားတို့တွင် ကိုယ်အလေးချိန် ခွဲခြား၍ အတန်းအစားမကန့်သတ်ပေ။ အသက် အကြီးအငယ်ကိုလည်း မခွဲခြားချေ။ သတ္တိပြိုင်လိုသူချင်း ယှဉ်ပြိုင်ထိုးသတ်ရခြင်းပင်။

သို့သော် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းဟူ၍ကား ခွဲခြားထားသည်။ ဤသို့ခွဲသည်မှာ လူ့ ဒေါက်အရပ်ကို ကြည့်၍ ခွဲသည်မဟုတ်ဘဲ လက်ဝှေ့ပညာ အရည်အချင်းအလိုက် ခွဲကြခြင်းပင်။

တတိယတန်းတွင် သတ်နေသူကို အခြား တတိယတန်းများက ဝိုင်းပယ်လာသောအခါ ဒုတိယတန်းသို့တက်ရပြီး၊ ဒုတိယတန်းများက ပယ်လာသောအခါ ပထမတန်းသို့ တက်၍ ထိုးရတော၏။ (အပေါ်တန်းများတွင်သတ်နေသူသည် အောက်တန်းသို့ ဆင်းခွင့် မရတော့ချေ။)

BURMESE CLASSIC .com



## ခွင့်ပြုသည်

လက်သီး၊ တတောင်၊ ဒူး၊ ခြေဖျား၊ ခေါင်းတို့ဖြင့် ထိုး၊ တွက်၊ ထောင်း၊ တိုက်၊ ခတ်၊ ရိုက်နိုင်သည်။ ကိုင်ပေါက်၊ ဖွတ်ချ၊ လက်ဖြင့်ချုပ်၊ ဒူးဖြင့် တိုက်၊ ခေါင်းနှင့် ရိုက်နိုင်သည်။ လက်သီးထိုးရာတွင် ဖြောင့်လက်သီး၊ ဝိုက်လက်သီး၊ ပန်းလက်သီး၊ ပင့်လက်သီး၊ အသွားအပြန်ထိုး၊ စုံပစ်ထိုး တို့ကို ခွင့်ပြုသည်။

ဒူးတိုက်ရာတွင် ဗလာဒူး၊ ခုန်တိုက်၊ လက်ချုပ်၍ တိုက်၊ ဒူးပျံတို့ကို ခွင့်ပြုသည်။

ခြေဖျားခတ်ရာတွင် တဖက်လူပုံပျက်အောင် ခတ်ခြင်းဖြစ်ရာ သုံးနိုင်သည်။

## ခွင့်မပြု

ဆံပင်မဆွဲရ၊ မကိုက်ရ၊ မကုတ်ရ၊ အထူးသဖြင့် မအားကို ကန်၊ တိုက်၊ ထိုး၊ ခတ် မပြုရ။

လဲကျနေသူအား မတိုက်ရ၊ မကန်ရ၊ မထိုးရ (လဲကျ နေသူ သည် ကျောနှင့်ကျလျှင် ကျောနှင့်ကြမ်းထိရမည်။ ဘေးဆိုလျှင် ဘေးနှင့်ကြမ်း ထိရမည်။ ရင်နှင့်ဆိုလျှင် ရင်ဘတ်နှင့်ကြမ်း ထိရမည်။)

### အနိုင်အရှုံး

**ကွဲရှုံး**

ထိုး၊ တိုက်၊ ကန်၊ ခတ်ရာမှရသော ဒဏ်ချက်ဖြင့် သွေးထွက်လာလျှင် ကွဲရှုံး။

**သက်လုံရှုံး**

အလံလုပွဲကြီးများတွင် '၄' ချီစေ့သွားသောကြောင့် အရှုံးအနိုင် မပေါ်မချင်းသတ်ရသော ပွဲမျိုးတွင် လက်မြှောက် အရှုံးပေးသည်ထိ

BURMESE CLASSIC .com



သတ်ကြရပြီး ဆက်လက် မယှဉ်ပြိုင်နိုင်၍ အရှုံးပေးလျှင် သ်လုံရှုံး။

**ကြောက်ရှုံး**

လက်ရည်မတူသည်ကို အကဲဖြတ်နိုင်သဖြင့် အရှုံး ပေးလိုက်လျှင် ကြောက်ရှုံး။

(နှာခေါင်းတွင်းမှ ထိန်းသိမ်း မနိုင်လောက်အောင် သွေးများ ယိုစီးလာလျှင် အတွင်းကွဲအဖြစ် အရှုံးပေါ၏။ အတွင်းကွဲ၊ အပြင်ကွဲ ၂ မျိုးလုံးတွင် သွေးကိုသုံးကြိမ်သုံးခါသုတ်ခွင့်ရှိသည်။ ထိုအထိမှမရလျှင် အရှုံးအနိုင်ပေါ်သည်။

သွေးထွက်သံယို မရှိသော်လည်း ဆက်လက်ယှဉ်ပြိုင်ရန် မတတ်နိုင် လောက်အောင် အတွင်းဒဏ်ရာ ရခဲ့သော် မယှဉ်ပြိုင်နိုင်သူ အရှုံးဖြစ် သည်။

(သတ်မှတ်ထားသော ဥပဒေများကို ချိုးဖောက်လျှင်လည်း ရှုံး သူအဖြစ် သတ်မှတ်သည်။)

* * *





ထိုးကွင်း၌ မင် ကြောင်
အပြည့်ဖြင့်မြန်မာ့လက်ဝှေ့
သမား တဦး၏ ကိုယ် နေ
ဟန်ထား။

# ထိုးကွင်းမင်ကြောင်

"ဆေးနက်ကယ်မှ ဆေးနီ၊ စုံစီထိုးကွင်း
အင်းပါ၊ စက်ပါ၊ တကိုယ်လုံးမှာ
ကျားနှင့် ကြောင်လည်း၊ တတောင်သာငဲ့"

မြန်မာ့ရိုးရာ ကိုယ်ခံပညာဖြစ်သော လက်ဝှေ့သတ်ခြင်းကို ထိုးသတ်ကြသည့် ပညာသည်ကြီးများသည် မြန်မာ့သူရဲကောင်းများ ပီသစွာ ထိုးကွင်း မင်ကြောင်များ ထိုးကြသည်။ ယုံကြည်မှုအရရင်း၊ အလှအပအတွက်ရင်း ထိုးကြသည်လည်းရှိသည်။ အစဉ်အလာအားဖြင့်ကား ယောကျ်ားပီသကြောင်း သက်သေတည်း။

ရိုးရာယဉ်ကျေးမှု အမွေအနှစ် တရပ်ဖြစ်သော ယင်းမြန်မာမှုတစ်ခုသည် ယခုအခါ တိမ်ကောလုပြီ ဖြစ်၍ရင်း၊ စိတ်ဝင်စားဖွယ် အချက်များ ရှိနေသောကြောင့်ရင်း၊ အချုပ်မျှ ဖော်ထုတ်ရမည် ဆိုပါသော်. . .

BURMESE CLASSIC .com



နတ်ကြီးငါးပါးစသော၊ မြင့်မြတ်သည့် ဆေးတို့ကို ဟင်းသပြဒါးဖြင့် ခါး၏အထက်ပိုင်းတွင် ထိုးသည်ကို အထက်ဆေး၊ ဆေးရိုးကြီးစသော ဆေးမျိုးတို့ကို နွားသည်းခြေနှင့် သတ်ထားသော မင်နက်ဖြင့် ခါးအောက်ပိုင်းတွင် ထိုးနှံ့ သည်ကို အောက်ဆေးဟု အကြမ်းအားဖြင့် ခေါ်၏။

အထက်ဆေးများကို လည်တိုင်၏ တဖက်တချက်၌ သိကြားရုပ်စစ်တခု၊ သိကြားရုပ်တုတခု၊ အလယ်သွင်းထားသော ဆေးကွင်းနီတစ်ခုစီ။ လည်ဂုတ်ဆံ၌ ပြဟ္မာရုပ်ကို အလယ်သွင်းသည့် ဆေးနီကွင်းတခု၊ ရင်အုံနှစ်ဘက်ပေါ်တွင် က,နေသော ဇော်ရုပ်အလယ်သွင်းသည့် ဆေးနီကွင်းတဖက်တခု၊ အလယ်ဗဟို ရင်ချိုင့်၏ အောက်တည့်တည့်တွင် သူရဿဒီနတ်သမီးရုပ် အလယ်သွင်းသည့် ဆေးနီကွင်းတခု။

သူရဿဒီရုပ်၏ အောက်ဝမ်းပိုက်နှင့်တည့်တည့် နံစွန်းနှစ်ဘက်တွင် တေရဋ္ဌ နတ်မင်းကြီးနှင့် ဝိရုဠှက နတ်မင်းကြီး တို့ကို တကွင်းတခုစီ အလယ်ထား၍၎င်း၊ နံဘေးတည့်တည့် ချိုင်းအောက် တဖက်တချက်တွင် ဝိရူပက္ခနှင့် ကုဝေရ နတ်မင်းကြီးတို့ကို တကွင်းတခုစီ အလယ်ထား၍၎င်း၊ လောကပါလ နတ်မင်းကြီး လေးယောက်ပုံ ဆေးနီကွင်းလေးခုကို ထိုးတတ်ကြ၏။

ထိုသို့ထိုးနှံ့ထားခြင်းဖြင့် ရင်အုပ်ကားကား၊ ကြွက်သားအဖုအထစ်နှင့် ကျစ်လစ် သန်မာသော မြန်မာလုလင်များကို မြင်သူတို့ ငေးကြည့်ရလောက်အောင် ခန့်ညားလှပကြလေသည်။

ထို့အတူပင် တောင့်သန်သော ပေါင်တံတွင် ဂဠုန်ရုပ်၊ နဂါးရုပ်၊ မျောက်လူးရုပ်၊ ကြောင်ရုပ်၊ ဂဝံရုပ်စသည်တို့ကို အလယ်သွင်း၍ ဆေးရိုးဘီးဖြင့် ထိုးနှံ့သည့် စိမ်းညို့ညို့မင်ကြောင်များသည်လည်း မြန်မာလုလင်ကြီးကို ကျားကျားယားယားနှင့် ယဉ်လွန်းလှစေပါသည်။

BURMESE CLASSIC .com



"ကွယ်လေးရဲ့မင်ကြောင်
ဘယ်မှောင် ဘယ်ပေါင်စထိုး
အေးနဂလိမ်၊ ပုသိမ်ခင်းလို့
ဖျဉ်ဖြူနီပွဲ စုံကျင်းတယ်
မှောင်တွင် ညာရင်းကထိုး" တဲ့

ရှေးအခါကမှ အရွယ်ရောက်သောလူငယ်တိုင်း မင်ကြောင်ထိုးပွဲတွင် ပါဝင်ကြလေသည်။ အပျိုရွယ် မိန်းကလေးများကလည်း မင်ကြောင်ထိုး ပြီးသော လုလင်တို့ကိုသာ နှစ်သက်သည်။ ဆေးမင်ကြောင်းပါမှသာ နှစ်သက်သည်။ ဆေးမင်ကြောင် ပါမှသာ ယောကျ်ား ပီသသော ယောကျ်ားဟု သဘောထားသည်။ ဆေးမင်ကြောင်ထိုးပွဲများတွင်လည်း မိန်းကလေးများကိုယ်တိုင် အားပေးသည်။

ဆေးမင်ထိုးရမည့် နေရာသည် ဦးစီးပြုသူ မင်ကြောင်ဆရာက သတ်မှတ်ထားသော နေရာဖြစ်၏။ ဦးစီးမင်းကြောင်ဆရာ၏ လက်အောက်၌ လက်ထောက်မင်ကြောင်ဆရာလေးယောက်ခန့်ရှိတတ်၏။

သတ်မှတ်ထားသော ဆေးမင်ထိုးရမည့် နေရာတဝိုက် မြေတလင်းသည် မန္တာန်ကျူးရင့်ပြီးသား၊ ပရိတ်ရေ ဖျန်းပြီးသား၊ ဆန်မန်း ပေါက်ပေါက်ကြဲပြီးသားဖြစ်၏။ ပတ်ပတ်လည်တွင် ရာဇမတ်ကာလျက် အတွင်းတွင် ပရိတ်သဲဖြူများ ခင်းဖြန့်ထား၏။ ထောင့်လေးထောင့်တွင် ငှက်ပျောပင်များစိုက်၍ တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာဟူသည့် ဂြိုဟ်ကြီးရှစ်လုံးတို့၏ နေ့နံများဖြစ်ကြသော အုန်း၊ ကံ့ကော်၊ ဇီး၊ ဝါး၊ ဒန်း၊ ပေါက်၊ ရှားသီးတို့၏ အညွန့်အခက်တို့ကို အမိုးပတ်ပတ်လည်၌ ပန်းဆွဲများကဲ့သို့ စီရရီချိတ်ဆွဲ၏။ အမိုးအတွက်မူ ပေဒင် အဟောထွက်သည့် နေ့နံရှိသူ အပျို တယောက်တည်း အပြီးအစီး ရက်သည့် ဖျဉ်ဖြူကို ဖြန့်ကျက်မိုး၏။ ထို

BURMESE CLASSIC .com



ဖျဉ်ဖြူတွင် ပထမံစမရုပ်များ၊ အင်းများကို ဟင်းသပြဒါးဖြင့် ရေစီးရင် လေ့ရှိ၏။

ပတ်လည်တွင်လည်း နေ့နံသင့် အပျိုများယက်လုပ်သော တင်းတိမ်များကို ပရိတ်ချည်ဖြင့် သီတွယ်၍ ခြင်ထောင်ပမာ လေးဘက်ကာရံ၏။

အတွင်းသဲဖြူပေါ်တွင် ဆီမန်းဖြင့် သုတ်လိမ်းထားသော ငှက်ပျောရွက်များ ထူထူထဲထဲ အပြည့်ထပ်၍ခင်း၏။

တင်းတိမ်အတွင်း ခေါင်းရင်းဘက်တွင် သစ်မင်း၊ ဝါးမင်းတို့ကို တိုင်ပြုစီရင်သော စင်ငယ်တခုထားရ၏။ ထိုစင်ပေါ်တွင် ဆေးစီရင်ထားသော ဘုရားတဆူ၊ ဂုဏ်တော်ပုတီး၊ ဆေးမျိုး၊ စုတ်မျိုး၊ ရေချမ်းအိုး၊ နံသင့်ပန်း စသည်တို့ရှိ၏။

ဆေးမင်ထိုးမည့်ကာလသားသည် ရေမိုးသန့်စင်ပြီးချိန်တွင် ခေါင်းဖီးထားရ၏။ ပုဆိုးသစ် စည်းထားရ၏။ အချိန်အခါ ပဝါးကို စောင့်ရ၏။ အခါရောက်သည်နှင့် အပျိုလေးများ ပေးလိုက်သည့် ပန်းကို ပန်လျက် တင်းတိမ် အလုံကာထားသည့် ဆေးမှောင်ခန်းသို့ ဝင်ရ၏။

မင်သေကွက်များကို အစီအစဉ်အတိုင်း ဟင်းသပြဒါးဖြင့် မှတ်သားပေးမည့် နေရာတို့၌သာ လှည့်ပတ်ထိုးရ၏။ တဖက် တဖက်တွင် တပြင်တည်း ပြည့်ပြီးသွားအောင် မထိုးရ။ ဆေးထိုးစဉ် မန္တာန်ကျူးရ၏။ မန္တာန် စတိုင်း အသက်မျိုးတို့ကို ဖန်ဆင်း ပေးသော "ဇီဝ" ပြဟ္မာကြီး၏ မုခပဌ်တော် "ဥုံ" ဟူသည့် အက္ခရာကို ရှေ့ခံ၍ ရွတ်ဆိုရ၏။

ဆေးထိုး၊ မန္တာန်ရွတ်နေစဉ် ဆေးစင်ကို ထိခြင်းငါးပါးနှင့် ဦးခိုက်ရ၏။ တည်ငြိမ်သော ကိုယ်နှုတ် မျက်လုံးအမူအရာရှိရ၏။ စကားမပြောရ။

ပြီးလျှင် ငါးပါးသီလ ယူရ၏။ ထို့နောက်စည်း ထားသည့် ပုဆိုးကို ချွတ်လျက် ဆေးစင်တွင် တန်းထားသော ကြိုးတန်းသို့ ရိုသေစွာ တင်ရ

BURMESE CLASSIC .com



၏။ ယင်းပုဆိုးသစ် "မင်ခံ" ပုဆိုးဟုခေါ်၏။ ထိုပုဆိုးကို အသက်ထက်ဆုံး သေသည်ထိ သိမ်းလေ့ရှိ၏။

ထိုးစတွင် လုံးဟီးဖြစ်သောကိုယ်ဖြင့် မင်သေဆရာကို ရှိခိုးရ၏။ ထို့နောက် မတ်တပ်ရပ်ကာ ခြေကိုခွဲမြှောက်လျက် ကိုယ်ကို သုံးပတ်လှည့်၍ အစစ်ဆေးခံရ၏။ ပွေးကြီး၊ ဝဲကြီး၊ အိုင်းအနာ စသည် ကင်းမှ၊ နပုံး ပဏ္ဍုတ်မဟုတ်မှ၊ ယောကျ်ားစင်စစ်ဖြစ်မှ စတင်၍ မန္တာန်ဟုတ်ကာ ဆေးထိုးခွံမည့်သူကို လက်ထောက်ဆရာတို့က တကိုယ်လုံး နံ့သာလူး၏။

ဆေးထိုးနှံနေချိန် ပြွေ၊ ဒိုးပတ် အိုးစည်၊ လင်းကွင်းစသော တူရိယာတို့ကို တီးမှုတ်ပေးရ၏။ အော်သံ၊ ညည်းသံကြားလျှင် မျောက်မင်းအူသံကဲ့သို့မျိုး တီးပေးရ၏။ ဗိန်းမောင်းကဲ့သို့သော အတီးမျိုးတီလျှင်ကား ဆေးဆရာသည် ဆိုင်းချက်ညီစွာ စုတ်ချက်ပြင်းလာရာကား ဆေးဆိုးခံရသူသည် အံတွင် ကိုက်ငုံထားသော ကွမ်းသီးကွဲရတော့သည်သာ။

* * *



BURMESE CLASSIC .com



"ကတိုးကော့နှပ် မော်လမြိုင်
ရန်ကုန်သထုံ" တိုင်းလုံးတုန်တဲ့ ယောက်ျားတဲ့ဟိတ်
မိုးပေါ်မှာ နတ်သကြား၊ လူ့ပြေမှာ ကုလားပျံ
ပျော့ယင်ဖယောင်း၊ မာယင်သံချောင်း
လက်ခမောင်းနဲ့အကြောင်းပါ
ဒေါင်းပဝါ ရင်မှာစည်းပါလို့
သေလျှင် မြေကြီး၊ ရှင်လျှင်ရွှေထီး
ပုလဲအရောင်မမှိန်၊ သူရဲအောင်စိန်
ဒင်္ဂါးရေမရောဘူးနော်. . .
ဒါကြောင့်မို့. . .
လူတွေသုံးတဲ့ ကုလားပျံပါဘဲခင်ဗျား။
ဝါးမှာတရေ၊ လူမှာယောက်ျား
ပျံလေတဲ့ ငှက်ခါး၊ နားခါမှ သိမယ်. . .
အရွယ်တူယင် သံကျော်၊ ချိုပေါက်မှကြောက်မှာ
သေသေချာချာကြည့်ပါ
ကြည့်လေယဉ်လေး၊ အေးလေ ခင်လေပေါ့။
ကျွန်တော်လေ ပိုတွေမသုံးတော့ပါဘူး
ဝိုင်းတော်နေ ပရိသတ်များကျေနပ်အောင်
ထိုးပြမယ့် ကုလားပျံအစစ်ပါဘဲ
ကိုင်းဆရာ လေးလုံးသံခြောက်ပေါက်နဲ့
ဘယ်မြှောက်လို့ ပို့စမ်း။

**(စစ်ကြိုခေတ် နာမည်ကြီး လက်ဝှေ့ကျော်**
**ကလားပျံကြီး၏ ကိုယ်ရေသွေးလက်ာ)**

BURMESE CLASSIC .com



# စနစ်သစ် ၁၅ ချီပြိုင်ပွဲ စည်းကမ်းချက်များ

## အချီ

စနစ်သစ် ပြိုင်ပွဲများတွင် တချီလျှင် (၃) မိနစ်တိတိ ယှဉ်ပြိုင်ရမည် ဖြစ်ပြီး၊ ရပ်နားချိန်မှာလည်း (၃) မိနစ် ဖြစ်သည်။ ယှဉ်ပြိုင်နေစဉ် အတွင်း အကြောင်း တစုံတခုကြောင့် ပြိုင်ပွဲကို ရပ်နား ထားရမည် ဆိုပါက ယင်းရပ်နားချိန်မှာ ယှဉ်ပြိုင်ချိန် (၃) မိနစ်တွင် မပါဝင်။ ရပ်နားချိန် (၃) မိနစ် ကုန်ဆုံးပြီးနောက် သက်ဆိုင်ရာ ဒေါင့်မှထွက် မလာနိုင်သော် ပြိုင်ပွဲဝင်အား အရှုံးသတ်မှတ်မည်။

## အနိုင်အရှုံး ဆုံးဖြတ်ချက်

(၁) အမှတ်ပေးဒိုင် ၃ ဦးထားရှိပြီး အချီလိုက် အနိုင်အရှုံး ဆုံးဖြတ် စေမည်။ အမှတ်ပေးဒိုင် အနည်းဆုံး (၂) ဦးက အနိုင်ပေးခံရသော ပြိုင်ပွဲဝင်အား နိုင်သူအဖြစ် ကြေငြာမည်။

(၂) ယှဉ်ပြိုင်စဉ်အတွင်း ဒဏ်ရာ၊ အနာတရ ဖြစ်ပွားပါက ပြိုင်ပွဲက ပြိုင်ပွဲကော်မတီမှ တာဝန်ပေးထားသော ဆေးမှူး၏ စစ်ဆေးမှုကို ခံယူစေရမည်။ယင်းဆေးမှူးက ဆက်လက်ယှဉ်ပြိုင်ခွင့် မပြုပါက အရှုံးဟု သတ်မှတ်မည်။ နှစ်ဦးကွဲ ကွဲသည့်ကိစ္စတွင် နှစ်ဦးစလုံးကို ဆေးမှူးက စစ်ဆေး၍ ဒဏ်ရာပါ ကြီးသူအား အရှုံးပေးမည်။

BURMESE CLASSIC .com



(၃) ယှဉ်ပြိုင်စဉ်အတွင်း မိမိကိုယ်တိုင်က ဆက်လက် ယှဉ်ပြိုင်ရန် ဆန္ဒမရှိ၍ အရှုံးပေးပါက "ကြောက်ရှုံး" အဖြစ်သတ်မှတ်မည်။ ၁၅- ချီ ပွဲများတွင်၊ ၅ ချီမပြည့်မီ "ကြောက်ရှုံး" အရှုံး ပေးပါက ပြိုင်ပွဲ ကော်မတီမှ မူလ သတ်မှတ်ထားသော ရှုံးဆု၏ ၁၀ ရာခိုင်နှုန်းကိုသာ ခံစားခွင့် ရရှိမည်။

(၄) ယှဉ်ပြိုင်စဉ် အတွင်း ဤစည်းကမ်းချက် အရ သတ်မှတ်ပေးထားသော -
'ရပ်နားခွင့်' အခွင့်အရေးများ ကုန်ဆုံး သွားပြီးနောက် ဆက်လက်ယှဉ်ပြိုင်စဉ် တဘက်ပြိုင်ဘက်၏ တိုက်ကွက်ကြောင့် လဲကျသွားပါက (သို့မဟုတ်) မိမိအခြေအနေအရ လဲကျသွားပါက ကြိုးဝိုင်းဒိုင်က ဒိုင်ချုပ်၏ အချက်ပြချက်အတိုင်း တစ်မှ တဆယ်အထိ ရေတွက်မည်။ ဆယ်စက္ကန့် ပြည့်သည့် အချိန်တွင် ဆက်လက် မယှဉ်ပြိုင်နိုင်ပါက အရှုံးပေးမည်။

**ရပ်နားခွင့်**

၁၅ ချီပွဲများတွင် ပြိုင်ပွဲဝင်တဦးသည် မိမိ အခြေအနေ အရ အောက်ပါ အတိုင်း ရပ်နားပိုင်ခွင့် အခွင့်အရေးကို ဒိုင်ချုပ်ထံမှ တောင်းခံနိုင်သည်။

(၁) ပထမအချီမှ ဆယ်ချီ အတွင်းတွင် ၆ မိနစ် သုံးကြိမ် ရပ်နားခွင့် တောင်းခံနိုင်သည်။ သို့ရာတွင် တချီလျှင် ၆ မိနစ်တကြိမ်သာ ရပ်နားခွင့် ရှိသည်။ ရပ်နားပြီးနောက် သက်ဆိုင်ရာအချီ၏ ကျန်ရှိသော အချိန်ကို အချီပြည့်စေရန် ဆက်လက်ယှဉ်ပြိုင်ရမည်။

(၂) ၁၁ ချီမှ ၁၅ ချီ အတွင်းတွင် ၃ မိနစ် ၃ ကြိမ် ရပ်နားခွင့် တောင်းခံနိုင်သည်။ သို့ရာတွင် ၃ မိနစ် တကြိမ်သာ ရပ်နားခွင့်ရှိသည်။

(၃) အထက်ပါ ရပ်နားခွင့်များ ကုန်ဆုံးသွားပါက မည်သည့် အကြောင်းကြောင့်မှ နောက်ထပ် ရပ်နားခွင့် မရှိစေရ။

BURMESE CLASSIC .com



(၄) ၆ မိနစ် ရပ်နားခွင့်ဖြစ်စေ၊ ၃ မိနစ်ရပ်နားခွင့်ဖြစ်စေ တချီတွင် သုံးပြီးသည့်နောက် အချီပြည့်စေရန် ဆက်လက် ယှဉ်ပြိုင်စဉ် အတွင်း လဲကျသွားပါက တစ်မှ တဆယ်အထိ ရေတွက်ခြင်း ခံယူရမည်။

**လက်ပြတားပိုင်ခွင့်**

ကြိုးဝိုင်း ဒိုင်နှစ်ဦး လက်ဖြုတ်ပြီးသည်နှင့်တပြိုင်နက် တဦးနှင့်တဦး တိုက်ကွက် (RANGE) အတွင်း၌ လက်ပြတားပိုင်ခွင့်မရှိ။ တိုက်ကွက် လွတ်သည့် အကွာအဝေးမှသာ တားပိုင်ခွင့် ရှိသည်။

**ဒေါင့်ရွေးချယ်ခြင်း**

ပြိုင်ပွဲဝင်နှစ်ဦး ညှိနှိုင်းရွေးချယ်နိုင်သည်။ ညှိနှိုင်း၍ မရပါက မဲချ၍ ရွေးချယ်စေရမည်။

**အသုံးပြုသော ပတ္တီး**

ပြိုင်ပွဲဝင် နှစ်ဦးစလုံး ပွဲကျင်းပရေး ကော်မတီမှ ထုတ်ပေးသော ပတ္တီးကိုသာ သုံးခွင့်ရှိသည်။ ခရစ်ပတ္တီးသုံးခြင်း၊ ဆွဲခြင်းကို ခွင့်မပြု။

**အ ကူ လူ**

တဖက်လျှင် သုံးဦးသာ နေခွင့်ရှိသည်။ ယင်းသုံးဦးအနက် နှစ်ဦး သာလျှင် စင်ပေါ်တက်ခွင့်ပြုမည်။ ယှဉ်ပြိုင် နေစဉ်အတွင်း အကူလူများ က အော်ဟစ် အကြံပေးခြင်းကို ခွင့်မပြု။

**အခြားစည်းကမ်းများ**

မြန်မာ့ရိုးရာ လက်ဝှေ့က တားမြစ် ပိတ်ပင်ထားသော ကုတ်ခြင်း၊ ကိုက်ခြင်း၊ ဆံပင်ဆွဲခြင်း၊ ပါးရိုက်ခြင်း၊ ထိခြင်းသုံးပါး ညီညွတ်နေချိန် တွင် ထိုးခြင်း၊ ကန်ခြင်းမပြုရ၊ မအားကိုခတ်ခြင်း၊ ကန်ခြင်း၊ ထိုးခြင်း မပြုရ။

BURMESE CLASSIC .com



## စည်းကမ်းချိုးဖောက်လျှင်

သတ်မှတ်ထားသော စည်းကမ်းချက်ကို ချိုးဖောက်ပါက ကြိုးဝိုင်းဒိုင်က သတိပေး၍ အမှတ်ပေးဒိုင်များက ယင်းအချီတွင် ချိုးဖောက်သူအား အရှုံးအဖြစ် သတ်မှတ်မည်။

## ဆူပူစေရန် လှုံ့ဆော်ဖန်တီးလျှင်

ပြိုင်ပွဲဝင်တစ်ဦးသည် မိမိကိုယ်တိုင် နှုတ်ဖြင့်သော်ငြား၊ ကိုယ်ဟန် အအရာ ဖြင့်သော်ငြား ပြိုင်ပွဲပျက်ပြားစေရန် ပွဲဆူပူစေရန် လှုံ့ဆော်ဖန်တီးလျှင် (သို့မဟုတ်) ပြိုင်ဝင်တဦးနှင့် ပတ်သက်သူများက အထက်ပါအတိုင်း ပြုမူလုပ်ဆောင်လျှင်၊

ယင်းပြိုင်ပွဲဝင်အား အရှုံးပေးမည်ဖြစ်ပြီး၊ ဆူပူမှုကို လှုံ့ဆော်ဖန်တီးသူအဖြစ် တရားဥပဒေအရ အရေးယူ ဆောင်ရွက်မည်ဖြစ်သည်။

* * * *

အထက်ပါစည်းကမ်းချက်များမှ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး၊ နိုင်ငံတကာဆိုင်ရာ ဒိုင်လူကြီး ကျားဘညိမ်း (ကွယ်လွန်) A.I.B.A (R . J) ကိုယ်တိုင် နိုင်ငံတကာဆိုင်ရာ ဥပဒေများဖြင့် ညှိနှိုင်း ရေးဆွဲ ထားခဲ့ခြင်းဖြစ်၍ ၃၃- နှစ်မြောက် ပြည်ထောင်စုနေ့ လက်ဝှေ့ပွဲတွင်လည်း ဤစည်းကမ်းချက်များကို ဆက်လက်အသုံးပြုမည်ဖြစ်သည်။



၃၃-နှစ်မြောက် ပြည်ထောင်စုနေ့ ကျိုက္ကသံကွင်း
မြန်မာ့ရိုးရာလက်ဝှေ့ဖခင်ကြီးကျားဘညိမ်းသားများဦးစီးသော

# မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ



မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ သပိန်ဗရမ်း (ကျွမ်းခြံကုန်း)၊ ဝင်းနိုင်(ထားဝယ်)၊ ဝင်းနိုင်စိန်(ရန်ကုန်)၊ လှလေး(ဖားအံ)၊ ကျားကြီး(ဖားအံ)၊ တင်ဝင်း(သထုံ)၊ စစ်ကိုင်းကျောင်းသား၊ ကျားသစ်ထိုအောင်၊ ကျော်ဆင့်၊ အသဲတပွင့်၊ လှရွှေ၊ အောင်သိန်းလေး၊ ဖြူလေး၊ ကျားမင်း၊ မိုးမိုးလေး စသည့် လက်ဝှေ့အကျော်အမော်များတို့ကို

ဖေဖော်ဝါရီလ-၈ရက်မှ ၁၂ရက်နေ့အထိ (၅)ညတိုင်တိုင် ပွဲကြီးပွဲကောင်းများကို ရှုစားရပါမည်။

---

စာအုပ်စာတမ်း စာနယ်ဇင်း ကြိုတင် ခွင့်ပြု လက်မှတ်-၈၄၊မျက်နှာဖုံးကြိုတင် ခွင့်ပြုလက်မှတ်-၁၀၃၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀၊ ၁၉၈၀- ဖေဖော်ဝါရီလ၊ တန်ဖိုး၁-ကျပ်၊ အဖုံးပန်းချီ ပေါ်ဦးသက်၊ထုတ်ဝေသူ ဦးမြင့်-၀၁၁၅၈၀၊လွတ်လပ်ရေးစာပေ၊ ၁၉-၉၉ လမ်း၊လွတ်လပ်ရေး ရပ်ကွက်။ ပုံနှိပ်သူ [အထောက်တော်လှအောင် ၀၁၈၀၅သုတာင်းကျွနယ် ပုံနှိပ်တိုက် ၈၉-၃၉ လမ်း၊ရန်ကုန်မြို့။